**အတည်ပြုခြင်း၊ ကနဦး ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုတွင် ထည့်သွင်းမှု၊ ဝန်ဆောင်မှုများ ပြောင်းလဲမှု၊ ထည့်သွင်းမှု အပြောင်းအလဲနှင့် သဘောတူခွင့်ပြုချက် တောင်းခံမှု**

**အတွက်**

**စာဖြင့်ရေးသား ကြိုတင်အသိပေးစာ**

**သို့** ____________________________________ **ရက်စွဲ** ____________________________________
(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

**ကိုယ်စား** ____________________________________ **လိပ်စာ** ____________________________________
(ကျောင်းသားအမည်)
____________________________________
____________________________________

ကျွန်ုပ်တို့ ____________________________ ရက်နေ့တွင် သင်ပံ့ပိုးပေးခဲ့သည့် အကဲဖြတ်မှု သို့မဟုတ် အချက်အလက်များ၊ လက်ရှိ စာသင်ခန်းတွင် ဆန်းစစ်ချက်နှင့် စောင့်ကြည့်လေ့လာချက်များနှင့် ဆရာ သို့မဟုတ် အခြားကျောင်းဝန်ထမ်းများ၏ စောင့်ကြည့် သတိပြုမိသည်များ အပါအဝင် အကဲဖြတ်မှု/ဆန်းစစ်ချက် အချက်အလက်များကို သင့်အမြင်ထည့်သွင်းစဉ်းစား၍ သုံးသပ်ပြီး အောက်ပါတို့ကို ဆုံးဖြတ်ရန် တွေ့ဆုံခဲ့သည်-

- ☐ သင့်ကလေးအတွက် အထူးပညာရေး လို/မလို
- ☐ သင့်ကလေးအတွက် လိုအပ်သည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ
- ☐ သင့်ကလေး၏ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) တွင် ဖော်ပြထားသည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများပေးရန် သင့်လျော်သည့် ပညာသင်ကြားမှု
- ☐ သင့်ကလေး၏ IEP တွင် ချမှတ်ခဲ့သည့် တိုင်းတာနိုင်သော နှစ်စဉ်ဦးတည်ချက်များနှင့် ကိုက်ညီစေရန်အတွက် ကူညီပေးနိုင်ရန်နှင့် သင့်လျော်ပါက အထွေထွေ ပညာရေးသင်ရိုးတွင် ပါဝင်သင်ကြားနိုင်ရန်အတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ အတွက် ထပ်မံပေါင်းထည့်မှုများ၊ ပြောင်းလဲမှု သို့မဟုတ် ပြင်ဆင်မှုများ။

သင့်လျော်သရွေ့ အတတ်နိုင်ဆုံး သင့်ကလေးကို အခြားကလေးများနှင့် ပုံမှန်စာသင်ခန်းများအတွင်း သင်ကြားပေးရမည်။ သင့်ကလေး၏ လိုအပ်ချက်များ၏ သဘောသဘာဝ သို့မဟုတ် ပြင်းထန်မှုကြောင့် ထောက်ပံ့ဝန်ဆောင်မှုများဖြင့် ပုံမှန်စာသင်ခန်းများ အတွင်း ပညာပေးရန် လုံလောက်မှုမရှိမှသာ သူ/သူမကို ပုံမှန်စာသင်ခန်းမှ ထုတ်ရမည်။ ဝန်ဆောင်မှုများကို ပုံမှန်စာသင်ခန်းအတွင်း ပေးခြင်းမဟုတ်ပါက ထိုသို့မပေးရခြင်း အကြောင်းရင်းများကို ကျွန်ုပ်တို့ အစည်းအဝေးရလဒ်များနှင့်အတူ အောက်ပါအတိုင်း ဖော်ပြထားသည်။

☐ **1. <u>သက်သေခံ/အကျုံးဝင်မှု</u> (မိဘ၏ သဘောတူခွင့်ပြုချက် <u>မလိုပါ</u>)**

☐ **သင့်ကလေးသည် အထူးပညာရေးအတွက်** ***အကျုံးဝင်သည်***

- သင့်ကလေးသည် တစ်မူထူးခြားသည့် ကလေးတစ်ဦးအဖြစ် သတ်မှတ်ချက်များနှင့် ကိုက်ညီသည် **ပြီးလျှင်**
- သင့်ကလေးကို သူ/သူမ၏ အရည်အချင်း သို့မဟုတ် စွမ်းရည်များနှင့်အညီ ပညာရေး၏ အကျိုးရလဒ်များ ခံစားနိုင်စေရန် အထူးပညာရေး ဝန်ဆောင်မှုများ လိုအပ်သည်

☐ **သင့်ကလေးသည် အထူးပညာရေးအတွက်** ***အကျုံးမဝင်ပါ***

☐ သင့်ကလေးသည် တစ်မူထူးခြားသည့် ကလေးတစ်ဦးအဖြစ် သတ်မှတ်ချက်များနှင့် မကိုက်ညီပါ **သို့မဟုတ်**

☐ သင့်ကလေးကို သူ/သူမ၏ အရည်အချင်း သို့မဟုတ် စွမ်းရည်များနှင့်အညီ ပညာရေး၏ အကျိုးရလဒ်များ ခံစားနိုင်စေရန် အထူးပညာရေး ဝန်ဆောင်မှုများ မလိုအပ်ပါ

☐ **2. <u>ကနဦး ဝန်ဆောင်မှုများနှင့် ထားရှိမှု</u> (မိဘများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်)**

အောက်တွင် ရှင်းပြထားသည့်အတိုင်း သင့်လျော်သည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ၎င်းပညာရေးနှင့် ဝန်ဆောင်မှုများပေးရန် သင့်လျော်သည့် သင်ကြားမှု ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် အဆိုပြုထားသည့် တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) တစ်ခုကို သင့်ကလေးအတွက် ရေးသားပေးထားသည်။

☐ **3. <u>ဝန်ဆောင်မှု ပြောင်းလဲခြင်း</u>**

☐ **ဝန်ဆောင်မှု ပြောင်းလဲခြင်း (မိဘများ၏ သဘောတူခွင့်ပြုချက် <u>မလိုအပ်ပါ</u>)**

အောက်တွင် ရှင်းပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် သင့်ကလေး၏ IEP တွင် ဖော်ပြထားသည့် အထူးပညာရေး ဝန်ဆောင်မှု၊ သက်ဆိုင်ရာ ဝန်ဆောင်မှု သို့မဟုတ် အရန်ထောက်ပံ့မှု သို့မဟုတ် ဝန်ဆောင်မှုကို (စာရွက်စာတမ်း ပြောင်းလဲမှုမဟုတ်ဘဲ) အပြောင်းအလဲတစ်ခုလုပ်ရန် အဆိုပြုခြင်းဖြစ်သည်။

☐ **ဝန်ဆောင်မှုများတွင် စာရွက်စာတမ်း ပြောင်းလဲခြင်း (မိဘများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်)**

အောက်တွင် ရှင်းပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် သင့်ကလေး၏ IEP တွင် ဖော်ပြထားသည့် အထူးပညာရေး ဝန်ဆောင်မှု၊ သက်ဆိုင်ရာ ဝန်ဆောင်မှု သို့မဟုတ် အရန်ထောက်ပံ့မှု သို့မဟုတ် ဝန်ဆောင်မှု ကြာချိန် သို့မဟုတ် အကြိမ်ရေ 25% နှင့်အထက် လျော့နည်းခြင်း သို့မဟုတ် တိုးခြင်းဖြစ်မည့် အပြောင်းအလဲတစ်ခုကို အဆိုပြုခြင်းဖြစ်သည်။

☐ **4. <u>ထားရှိမှု အပြောင်းအလဲ</u>**

☐ **ထားရှိမှု အပြောင်းအလဲ (မိဘများ၏ သဘောတူခွင့်ပြုချက် <u>မလိုအပ်ပါ</u>)**

အောက်တွင် ရှင်းပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုမှ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုသို့ဖြစ်စေ၊ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုမှ တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုသို့ ဖြစ်စေ (သိသိသာသာ မဟုတ်ဘဲ) ပြောင်းလဲထားရှိရန် အဆိုပြုခြင်းဖြစ်သည်။

☐ **ထားရှိမှု သိသိသာ အပြောင်းအလဲ (မိဘများ၏ သဘောတူခွင့်ပြုချက် လိုအပ်သည်)**

အောက်တွင် ရှင်းပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် သင့်ကလေး ကျောင်းတက်သည့်အချိန်၏ 25% ကျော်ကို တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုမှ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုသို့ဖြစ်စေ၊ ပိုမိုတင်းကျပ်သည့် ပတ်ဝန်းကျင်တစ်ခုမှ တင်းကျပ်မှုနည်းသည့် ပတ်ဝန်းကျင်တစ်ခုသို့ဖြစ်စေ ပြောင်းလဲထားရှိရန် အဆိုပြုခြင်းဖြစ်သည်။

☐ **5. ဝန်ဆောင်မှုများ သို့မဟုတ် နေရာထားရှိမှုတို့နှင့် မဆိုင်သော IEP အတွက် အခြားအပြောင်းအလဲများမိဘများ၏ သဘောတူခွင့်ပြုချက် ပါ(မိဘများ၏ သဘောတူခွင့်ပြုချက် <u>မလိုအပ်ပါ</u>)**

☐ **6. [LEA] သည် သက်သေခံသတ်မှတ်ချက်၊ ပညာရေးအရ နေရာထားရှိမှု သို့မဟုတ် အထူးပညာရေး သို့မဟုတ် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးမှုတို့ကို အောက်ပါအတိုင်း ပြောင်းလဲခြင်းလုပ်မည် မဟုတ်ပါ။ (မိဘများ၏ သဘောတူခွင့်ပြုချက် <u>မလိုအပ်ပါ</u>)**

---

**A) အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းဆန်ခဲ့သည့် ဆောင်ရွက်မှုအကြောင်း-**

**B) ဆောင်ရွက်မှုတစ်ခုကို အဘယ်ကြောင့် အဆိုပြုရကြောင်း သို့မဟုတ် ငြင်းပယ်ရကြောင်း ရှင်းပြချက်-**

**C) ထည့်သွင်းစဉ်းစားခဲ့သည့် ရွေးချယ်စရာများနှင့် ရွေးချယ်စရာများကို ငြင်းပယ်ရခြင်း အကြောင်းရင်း-**

**D) အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းပယ်ခဲ့သည့် ဆောင်ရွက်မှုအတွက် အခြေခံအဖြစ် စဉ်းစားခဲ့သည့် အချက်အလက်များကို ဖော်ပြချက်-**
**(*အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းဆိုခဲ့သည့် ဆောင်ရွက်မှု၏ အခြေခံဖြစ်သည့် အကဲဖြတ်မှု လုပ်ထုံးလုပ်နည်း၊ ဆန်းစစ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီ အပါအဝင်*)-**

**E) အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းပယ်ခဲ့သည့် ဆောင်ရွက်မှုအတွက် သက်ဆိုင်သည်ဟု မှတ်ယူသည့် အခြားအချက်များ (ဥပမာ LRE၊ သက်ရောက်ထိခိုက်မှုများ)-**

## နောက်ထပ်အချက်အလက်များ

တစ်မူထူးခြားသည့် ကလေးသူငယ်များကို ပညာသင်ကြားခြင်းဆိုင်ရာ ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများနှင့် ၎င်းဥပဒေများမှ အပ်နှင်းထားသည့် မိဘတို့၏ အခွင့်အရေးများ (လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ) ကို သင်နားလည်နိုင်ရန် ဖော်ပြပါ ရင်းမြစ်များသို့ ဆက်သွယ်၍ အကူအညီရယူနိုင်သည်- Kansas ပြည်နယ် ပညာရေးဌာန 800-203-9462၊ Kansas မသန်စွမ်းသူများ စင်တာ (DRC) (877) 776-1541၊ Families Together, Inc. 800-264-6343 နှင့် Keys for Networking 785-233-8732။

**မိဘများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ထုံးလုပ်နည်းအရ အဟန့်အတားများ**

ကလေးသူငယ်များ၏ ပညာရေးနှင့် ပတ်သက်သည့် ပြည်နယ်နှင့် ဖက်ဒရယ် ဥပဒေနှစ်ရပ်စလုံးတွင် ချင်းချက်အချို့မှလွဲပြီး မိဘများ၏ အခွင့်အရေးများစွာ ပါဝင်သည်။ သင့်ကလေးနှင့် ပတ်သက်ပြီး ကျောင်းမှဆောင်ရွက်လိုသည်များကို အသိပေးခြင်း ခံရရန်နှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ အစီအစဉ်ချမှတ်ရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်တို့သည် သင့်အား ပေးအပ်ထားသော ဥပဒေများအရ အခွင့်အရေး နမူနာများ ဖြစ်ကြသည်။ ဤဥပဒေများအရ သင့်အခွင့်အရေးများကို သင်သိရှိရန်နှင့် ထိုအခွင့်အရေးများကို ကျင့်သုံးရန်အတွက် အခွင့်အလမ်းရှိရန် သင့်ကျောင်းသည် လုပ်ထုံးလုပ်နည်းအချို့ကို လိုက်နာရန် လိုအပ်သည်။ ကျောင်းအနေဖြင့် ကျောင်းစာသင်နှစ် တစ်နှစ်လျှင် ကျောင်းသားမိဘတို့၏ အခွင့်အရေးများကို ဖော်ပြထားသည့် စာမိတ္တူတစ်စောင် မဖြစ်မနေ သင့်ထံပို့ရမည်။ သင့်အခွင့်အရေးများနှင့် သင်ရယူနိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့် အတားများ ပါဝင်သည့် စာရွက်စာတမ်း မိတ္တူတစ်စောင် ထပ်မံရယူလိုပါက၊ သင့်အခွင့်အရေးများနှင့် ပတ်သက်၍ မေးမြန်းလို သည်များ ရှိပါက ကျောင်း၏ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် အထူးပညာရေး ပူးပေါင်းတာဝန်ခံထံ ဆက်သွယ် နိုင်သည်။

**ပေးပို့ခြင်း**

ကျွန်ုပ်သည် ______________________________,

☐ ကိုယ်တိုင် ပေးပို့ခဲ့သည်၊
☐ စာတိုက်မှ ပေးပို့ခဲ့သည်၊
☐ အခြား______________
(သီးသန့်ဖော်ပြပေးပါ)

ဤအသိပေးစာကို ________________________ ထံသို့ ______________ တွင်
(အမည်) (ရက်စွဲ)

## အထူးပညာရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် သဘောတူခွင့်ပြုချက် တောင်းဆိုခြင်း

*(လိုအပ်ပါက)*

ကျွန်ုပ်တို့သည် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်မည့် အထူးပညာရေး ဆောင်ရွက်ချက်အတွက် သင့်သဘောတူ ခွင့်ပြုချက် တောင်းလိုပါသည်။ အထက်ဖော်ပြပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့အကြား သဘောထား မတိုက်ဆိုင်မှု မှန်သမျှအတွက် ကျွန်ုပ်တို့အကြား အပြန်အလှန် သဘောတူညီမှု၊ ကြားဝင်ဖြန်ဖြေမှု သို့မဟုတ် တရား မျှတသော ရပိုင်ခွင့်နှင့်အညီ ကြားနာမှုများဖြင့် ဖြေရှင်းနိုင်သည်။ တောင်းဆိုပါက ကြားဝင်ဖြန်ဖြေမှုနှင့် တရားမျှတသော ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတို့ကို ရှင်းပြချက်ပေးမည်။

အဆိုပြုထားသည့် ဆောင်ရွက်မှု(များ)ကို (နှောင့်နှေးရန် ကျိုးကြောင်းသင့်လျော်သည့် အကြောင်းရင်း မရှိသရွေ့) သင်စာဖြင့် ရေးသား ခွင့်ပြုချက် လက်ခံရရှိသည့်ရက်မှ ကျောင်းဖွင့်ရက် 10 ရက်အတွင်း စတင်မည်။ ဤအသိပေးစာအကြောင်း မေးမြန်း လိုသည်များ ရှိပါက ဖော်ပြပါ ကျောင်းကိုယ်စားလှယ်များထံ ဆက်သွယ်နိုင်သည်-

________________________ ဆက်သွယ်ရန် __________________ သို့မဟုတ် ________________

(ကျောင်းမှဆက်သွယ်ရန်ပုဂ္ဂိုလ်) (လိပ်စာ) (ဖုန်းနံပါတ်)

**ဤအသိပေးစာတွင် ဖော်ပြထားသည့် အထူးပညာရေး ဆောင်ရွက်မှုများကို သဘောတူခွင့်ပြုလိုပါက (အောက်ပါ) ဖောင်ပုံစံတွင် လက်မှတ်နှင့် ရက်စွဲထိုးပြီး အထက်ဖော်ပြပါ ကျောင်းကိုယ်စားလှယ်ထံ ပြန်ပို့ပါ။**

*သဘောတူခွင့်ပြုချက်*

☐ ကျွန်ုပ်သည် ကျွန်ုပ်ကလေးအတွက် အသိပေးစာတွင် ဖော်ပြထားသည့် အထူးပညာရေးအတွက် နေရာထားရှိမှုနှင့် ဝန်ဆောင်မှု(များ) အတွက် ***သဘောတူခွင့်ပြုချက် ပေးသည်*** ဤသဘောတူခွင့်ပြုချက်သည် မိမိဆန္ဒအလျောက်ဖြစ်ပြီး မည်သည့် အချိန်တွင်မဆို ပြန်လည်ရုတ်သိမ်းနိုင်ကြောင်းနှင့် ပြန်လည်ရုတ်သိမ်းခြင်းကြောင့် သဘောတူခွင့်ပြုချက်ပေးပြီးနောက်နှင့် ပြန်လည် မရုတ်သိမ်းမီ ဖြစ်ပေါ် ခဲ့သည့် ဆောင်ရွက်မှုတစ်ခုကို ပျက်ပျယ်စေမည် မဟုတ်ပါ။ ကျွန်ုပ်သည် ဝန်ဆောင်မှု သို့မဟုတ် ထားရှိမှု တစ်ခုအတွက် ကျွန်ုပ်၏ သဘောတူခွင့်ပြုချက်ကို သက်ဆိုင်ရာကျောင်းသား သင့်လျော်သည့် အခမဲ့ အများပိုင်ကျောင်းပညာရေး သင်ကြားရန်အတွက် ထိုဝန်ဆောင်မှုများ သို့မဟုတ် ထားရှိမှု မလိုအပ်ကြောင်း IEP ဆရာက စာဖြင့်ရေးသား အသိအမှတ်ပြုမှသာ ပယ်ဖျက်နိုင်မည်ကိုလည်း နားလည်ပါသည်။

*သဘောတူခွင့်ပြုချက် မပေးပါ*

☐ ကျွန်ုပ်သည် ကျွန်ုပ်ကလေးအတွက် အသိပေးစာတွင် ဖော်ပြထားသည့် အထူးပညာရေးအတွက် နေရာထားရှိမှုနှင့် ဝန်ဆောင်မှု(များ) အတွက် ***သဘောတူခွင့်ပြုချက် မပေးပါ***။

______________________________________ ရက်စွဲ ______________________

(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

______________________________________ ရက်စွဲ ______________________

(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)